အသင်ရေးသားပါ။ အကြင်အရှင်မြတ်၏ လက်တော်တွင်
ငါကိုယ်တော်၏ အသက်ဝိညာဉ်ရှိ၏။ ထိုအရှင်မြတ်ကို
တိုင်တည်၍ပြောမည်။ ဤ(နှုတ်လျှာ)မှ မှန်ကန်သည့်စကားသာ
ထွက်ပေသည်။
အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ပြောပြခဲ့သည်။
ကျွန်တော်သည် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတော်မှ
ကြားသိခဲ့သည့်အရာတိုင်းကို ကျက်မှတ်လို၍ ရေးသားခဲ့ပါသည်။ ထိုသို့
ရေးသားခြင်းကို ကုရိုင်ရှ်တို့က ကျွန်ုပ်အားတားမြစ်ခဲ့ကြသည်။
၎င်းတို့ကပြောကြသည်မှာ အသင်သည်
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတော်မှ
ကြားသိသမျှကို ရေးမှတ်လေသလော။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
လူသားတစ်ဦးပင်ဖြစ်ပြီး ဒေါသထွက်သည့်အခါ၌ဖြစ်စေ၊ စိတ်ကျေနပ်သည့်အခါ၌ဖြစ်စေ
စကားပြောဆိုတတ်သည်။ ထိုအခါ ကျွန်တော်သည်ရေးမှတ်ခြင်းကို
ရပ်ဆိုင်းလိုက်သည်။ကျွန်တော်သည် ထိုအကြောင်းရာကို ကိုယ်တော့်အားတင်ပြခဲ့သည်။
ကိုယ်တော်သည် မိမိနှုတ်တော်အား မိမိ၏လက် ချောင်းဖြင့် ညွှန်ပြ၍
မိန့်ကြားတော်မူသည်မှာ အသင်ရေးသားပါ။ အကြင်အရှင်မြတ်၏ လက်တော်တွင် ငါကိုယ်တော်၏
အသက်ဝိညာဉ်ရှိ၏။ ထိုအရှင်မြတ်ကို တိုင်တည်၍ပြောမည်။ ဤ(နှုတ်လျှာ)မှ
မှန်ကန်သည့်စကားသာ ထွက်ပေသည်။
[صحيح] [رواه أبو داود]
အဗ်ဒုလ္လာဟ်ဗင်န်အမ်ရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ပြောပြခဲ့သည်။ ကျွန်တော်သည်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံတော်မှ ကြားသိခဲ့သည့်အရာတိုင်းကို
ကျက်မှတ်လို၍ ရေးသားခဲ့သည်။ ထိုသို့ ရေးသားခြင်းကို ကုရိုင်ရှ်တို့က
ကျွန်ုပ်အားတားမြစ်ခဲ့ကြသည်။ ၎င်းတို့ကပြောကြသည်မှာ
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်
လူသားတစ်ဦးပင်ဖြစ်ပြီး ဒေါသထွက်သည့်အခါ၌ဖြစ်စေ၊ စိတ်ကျေနပ်သည့်အခါ၌ဖြစ်စေ
စကားပြောဆိုတတ်သည်ဖြစ်ရာ မှားတတ်သည်။ ထိုအခါ ကျွန်တော်သည်ရေးမှတ်ခြင်းကို
ရပ်ဆိုင်းလိုက်သည်။ ကျွန်တော်သည် ၎င်းတို့ပြောကြားသည့်စကားများကို ကိုယ်တော့်အား
တင်ပြခဲ့သည့်အခါ ကိုယ်တော်က မိမိနှုတ်တော်အား မိမိ၏လက်ချောင်းဖြင့်ညွှန်ပြ၍
မိန့်ကြားတော်မူသည်မှာ အသင်ရေးသားပါ။ အကြင်အရှင်မြတ်၏ လက်တော်တွင် ငါကိုယ်တော်၏
အသက်ဝိညာဉ်ရှိ၏။ ထိုအရှင်မြတ်ကို တိုင်တည်၍ပြောမည်။ စိတ်ကျေနပ်နေသည့်အခါတွင်
ဖြစ်စေ၊ ဒေါသထွက်သည်အခါတွင်ဖြစ်စေ အခြေအနေတိုင်း၌ ဤ(နှုတ်လျှာ)မှ မှန်ကန်သည့်စကားသာ
ထွက်ပေသည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏နဗီတမန်တော်နှင့်ပတ်သက်၍
မိန့်ကြားတော်မူသည်မှာ - “ထိုမှတစ်ပါး ထိုအဖော် (တမန်တော်မြတ်မုဟမ္မဒ်)သည်
(မိမိ)စိတ်အလိုဆန္ဒအရ စကားပြောဆိုလေ့ရှိသည်လည်း မဟုတ်ပေ။ ယင်းပြောဆိုမှုကား

(အလ္လာဟ်အရှင်မြတ် အထံတော်မှ) ထုတ်ပြန်ခြင်း ခံရလေသော ထုတ်ပြန်ချက်
သာလျှင်ဖြစ်ပေသည်။ ”ကုရ်အာန် (၅၃:၃၊၄)
https://sunnah.global/hadeeth/my/show/65077